# သင်ခန်းစာ

ဇူလိုင်လ (၁၄) ရက်နေ့၊ အသက် (၆၂) နှစ်ပြည့်တဲ့နေ့က ယနေ့ခေတ် လူငယ်တွေအတွက် သင်ခန်းစာ ဘယ်လိုပေးမလဲဆိုတဲ့ စာစုတစ်ခုကို ဖတ်မိတယ်။ ဖတ်နေတဲ့ စာပိုဒ်ထဲက ယနေ့ခေတ် လူငယ်တွေအတွက်ဆိုတဲ့ စကားအသုံးအနှုန်းဟာ အရင့်အရင်ခေတ်က လူငယ်တွေအနေနဲ့ရော သင်ခန်းစာတွေ ဘယ်လိုရခဲ့လို့လဲ၊ လူငယ်တွေအတွက်ဆိုပြီး ဘယ်သူတွေကရော ပေးခဲ့လို့လဲ။ ယနေ့ခေတ်လူငယ်ဆိုတာနဲ့ အရင့်အရင်ခေတ်က လူငယ်ဆိုတာတွေက ကွဲပြားမှုရှိလို့လား။ ဘယ်ခေတ်မှာပဲဖြစ်ဖြစ်၊ လူငယ်ဟာ လူငယ်ပဲ မဟုတ်ဘူးလား။ လူငယ်အကြောင်းတွေကို စဉ်းစားကြည့်ရင် ကိုယ့်တုန်းက ဖြစ်ခဲ့ဖူးတဲ့ လူငယ်ဘဝမှာ သင်ခန်းစာ ဘယ်လိုရခဲ့လဲ။ တခြားသော လူကြီးပေါင်းများစွာရဲ့ လူငယ်ဘဝ ဖြစ်ခဲ့တုန်းကရော သင်ခန်းစာတွေ ဘယ်လိုရှာခဲ့လဲ။

လူငယ်ဆိုတဲ့ စကားလုံးအဓိပ္ပာယ်ကို သေသေချာချာ စဉ်းစားနေတုန်း ဦးပဥ္စင်းရဲ့ မျက်စိက ဂင်းခတ်ထားတဲ့ ခြံစည်းရိုးဆူးကြိုးပေါ်ကို ရောက်သွားတယ်။ ဆူးကြိုးပေါ်မှာ စာကလေးနှစ်ကောင် နားနေတယ်။

နှစ်ကောင်ထဲက တစ်ကောင်က တစ်ကိုယ်လုံး တုန်ခါပြီး အော်ဟစ်နေတယ်။ သူ့ဘေးက အကောင်ကိုလည်း ကိုယ်လုံးနဲ့ တိုက်တိုက်ပြီး တစ်စုံတစ်ရာ တောင်းဆိုနေပုံရတယ်။ စာကလေးချင်းတူပေမယ့် အော်နေတဲ့အကောင်က နည်းနည်းလေး ညှက်နေလို့ သူ့ကို သား (သို့) သမီးပဲဖြစ်ရမယ်။ သူ့ဘေးနားက သူ့ထက်ကြီးတဲ့ အကောင်ကိုတော့ သူ့အမေဖြစ်ရမယ်လို့ ကိုယ့်ဟာကိုယ် သတ်မှတ်လိုက်တယ်။ ဦးပဥ္စင်းအထင်ကတော့ ဒီနေ့မှ အသိုက်ထဲက ထွက်လာတာလား။ အတောင်စုံလို့ အပျံသင်ဖို့ ထွက်လာတာလား။ အစာရှာစားဖို့ လက်တွေ့ကွင်းဆင်း လေ့ကျင့်တာလား။ ဒါမှမဟုတ် သူ့ကို ဂရုစိုက်ဖို့၊ သူ့ကို ပညာသင်ပေးဖို့၊ သူ့ကို အစာကျွေးဖို့ တောင်းဆိုနေတာလား။ တစ်ခုခုတော့ တစ်ခုခုပဲ ဆိုတာ သေချာလောက်တယ်။

အငယ်ကောင်က တစ်ကိုယ်လုံး တုန်ခါပြီး အော်ဟစ်နေပေမယ့် သူ့အနားက အမေဖြစ်ဟန်တူတဲ့ အကောင်ကတော့ လုံးဝ မတုံ့ပြန်ဘူး၊ လုံးဝ ဂရုမစိုက်ဘူး၊ လုံးဝ လှည့်မကြည့်ဘူး။ ဦးပဥ္စင်းရဲ့ စိတ်ထဲမှာ အငယ်ကောင်ငှက်ကလေးကို ကိုယ်ချင်းစာစိတ် ဖြစ်သွားမှန်း သတိထားမိလိုက်တယ်။ သူ့ဘေးက အကောင်ကိုလည်း မကျေနပ်တဲ့ စိတ်ဖြစ်မှန်း သတိထားမိတယ်။ သူတို့နှစ်ကောင်ကို ကြည့်နေရင်း အမေကောင်လို့ ယူဆထားတဲ့အကောင်က မျက်စိနောက်လို့လား၊ နားငြီးလို့လား၊ လှုပ်ရှားတောင်းဆိုပြနေတာတွေကို သည်းမခံနိုင်လို့လား မသိဘူး၊ ရုတ်တရက် ထပျံသွားတယ်။ အကြီးကောင်ပျံတော့ အငယ်ကောင်လည်း လိုက်ပျံသွားတယ်။ ငှက်နှစ်ကောင်လုံး မရှိတော့ သူတို့ ဇာတ်လမ်းလည်း ပြီးပြီလေဆိုပြီး အာရုံဖြတ်လိုက်တယ်။

စောစောက ဖတ်နေတဲ့အကြောင်းကို ပြန်ဖတ်မယ်လို့ စိတ်က ဖြစ်သွားတယ်။ ငှက်နှစ်ကောင်အကြောင်းကို အာရုံဖြတ်ပြီး ရုတ်တရက် စာကို ပြန်ဖတ်လိုက်တော့ သတိလွတ်သွားတယ် ထင်တယ်။ ဖတ်ပြီးသားစာကိုပဲ ပြန်ဖတ်မိသွားတယ်။ ဖတ်မိတဲ့စာရဲ့ ယနေ့ခေတ် လူငယ်ဆိုတဲ့ စကားအသုံးအနှုန်းကြောင့် စောစောက ဘဝင်မကျတဲ့ စိတ်မျိုးဖြစ်ပြီး၊ စောစောက စဉ်းစားခဲ့တဲ့အကြောင်းတွေကိုပဲ ပြန်စဉ်းစားမိသွားတယ်။

**(ယနေ့ခေတ် လူငယ်ဆိုတာ အရင့်အရင်ခေတ်တွေက လူငယ်ဆိုတာနဲ့ ကွဲပြားမှုတွေ ရှိလို့လား။ ဘယ်ခေတ်မှာပဲဖြစ်ဖြစ်၊ လူငယ်ဟာ လူငယ်ပဲ မဟုတ်ဘူးလား။ လူငယ်အကြောင်းတွေကို စဉ်းစားကြည့်ရင် ကိုယ့်ဘဝတုန်းက ဖြစ်ခဲ့ဖူးတဲ့ လူငယ်အကြောင်း၊ တခြားသော လူကြီးပေါင်းများစွာရဲ့ လူငယ်ဖြစ်ခဲ့တုန်းက လူငယ်တွေရဲ့အကြောင်း)** စဉ်းစားပြီးသားတွေ ခေါင်းထဲဝင်လာတော့ ဘာဖြစ်တာလဲလို့ စိတ်ကို ဆန်းစစ်လိုက်တဲ့အခါမှာ ဖတ်ပြီးသားစာတွေကို ပြန်ဖတ်နေမိလို့ စောစောက အတွေးတွေပဲ ပြန်ဝင်လာတာကို သတိထားမိသွားတယ်။

ဩော် လက်စသတ်တော့ ဒီစာပိုဒ်ရဲ့ အဓိပ္ပာယ်ကို စဉ်းစားနေတုန်း စာကလေးနှစ်ကောင်ကိစ္စ ကြားဖြတ်ဝင်လာလို့ ထပ်ဆင့်ပွား အာရုံတွေ ဖြစ်သွားတာပဲ။ မြင်ခိုက်အချိန်မှာ မဖြတ်နိုင်လို့ အာရုံတွေဆက်ပြီး သတိ လွတ်သွားစေတာပဲဆိုတဲ့ သင်ခန်းစာကို ရသွားတယ်။ သတိလွတ်ရခြင်းရဲ့ အကြောင်းကို သုံးသပ်ကြည့်တော့ သတိစိတ်ကို အားကောင်းအောင် ကျင့်ကြံအားထုတ်မှု လျော့နေသေးလို့ဆိုတဲ့ အဖြေ ထွက်တယ်။ ဒီသင်ခန်းစာဟာ လူငယ်နဲ့ ငှက်ကလေး နှစ်ကောင်ကြောင့် ရလိုက်တဲ့ သင်ခန်းစာပဲ။ ဒီသင်ခန်းစာကို ယူပြီး စိတ်လေ့ကျင့်ခန်း လုပ်တဲ့နေရာမှာ သတိထားတဲ့စိတ် တစ်ခုနဲ့တစ်ခု ဟမသွားအောင် စက္ကန့်မလပ် သတိထားနေရမှာပါလားဆိုတဲ့ သင်ခန်းစာတစ်ခု ရလိုက်တယ်။

ကိုယ့်အားနည်းမှုကိုယ် ရှာတွေ့လိုက်တဲ့အချိန်မှာပဲ စောစောက စာကလေးနှစ်ကောင်ဟာ စောစောက ဆူးကြိုးပေါ် ပြန်ရောက်နေတာကို ပြန်မြင်လိုက်ပြန်တယ်။ (ကိုယ့်ရှုမှတ်အား လျော့သွားတာကို ပြုပြင်လိုက်တဲ့အချိန် သတိထားထားတဲ့အတွက်) ဦးပဉ္ဇင်းရဲ့ အာရုံတွေ စာကလေးနှစ်ကောင်ဆီ ရောက်သွားမှန်း ဦးပဉ္ဇင်း သိလိုက်တယ်။ သိသိကြီးနဲ့ စာကလေးနှစ်ကောင်ကို ကြည့်နေမှန်း သိနေလိုက်တယ်။ စောစောကလိုပဲ အငယ်ကောင်က အကြီးကောင်နားမှာ သူ့အမွေးတွေ တုန်ခါပြီး တောင်းဆိုမှုတွေ လုပ်ပြပြန်တယ်။ ဒီတစ်ခါတော့ အမေဖြစ်ပုံရတဲ့ အကြီးကောင်က စောစောကလောက်တောင် အချိန်မပေးတော့ဘူး။ ရုတ်တရက် ချက်ချင်းကို ထပျံသွားပြန်တယ်။ အငယ်ကောင်လည်း လိုက်ပျံဦးမှာပဲလို့ စိတ်ထဲမှာ ဖြစ်သွားတယ်။ အငယ်ကောင်ပျံရင် စာကလေးအာရုံဖြတ်ပြီး လူငယ်စာပိုဒ်ကို အဓိပ္ပာယ်ပေါ်အောင် ဖတ်မယ်လို့ စိတ်ထဲမှာ ဆုံးဖြတ်လိုက်တယ်။ စိတ်ဖြစ်စဉ်ကိုတော့ စောစောကလို အမှားအယွင်း မဖြစ်အောင် သတိထားထားတယ်။

ဒါပေမယ့် ဦးပဉ္ဇင်း ထင်သလို အငယ်ကောင်က အကြီးကောင် နောက်မလိုက်ဘဲ ကျန်နေခဲ့တယ်။ ဒီအငယ်ကောင် ဘာဆက်လုပ်မလဲလို့ ဦးပဉ္ဇင်း ကြည့်နေလိုက်တယ်။ တုန်ခါနေတဲ့ ယောက်ယက်ခတ်မှုတွေကို ငြိမ်သက်သွားအောင် လုပ်နေတာလား မသိဘူး။ ဦးပဉ္ဇင်း ကြည့်နေရင်း သူ့ကိုယ်က တုန်ခါခြင်းတွေ တဖြည်းဖြည်း ငြိမ်သွားတယ်။ ပွထနေတဲ့ အမွေးတွေလည်း ငြိမ်ငြိမ်သက်သက် ဖြစ်သွားတယ်။ တစ်ကောင်တည်း ဘာတွေစဉ်းစားနေလဲ မသိဘူး။ တော်တော်ကြာတဲ့အထိကို ငြိမ်နေတယ်။ စာကလေးက ငြိမ်နေပေမယ့် ဦးပဉ္ဇင်းစိတ်တွေ မငြိမ်မှန်းကိုတော့ ဦးပဉ္ဇင်း သတိထားမိတယ်။

ဒီစာကလေး အငယ်ကောင်ကို ဦးပဉ္ဇင်း စိတ်ပူလာတယ်။ အကြီးကောင် ထွက်သွားတာ တော်တော်ကြာသွားပြီ။ အခုချိန်ထိ နောက်က လိုက်မသွားသေးဘူးဆိုတော့ ဒီအိမ်တွေ၊ ဒီသစ်ပင်တွေကြားထဲမှာ သူ့အားကိုးရာကို လိုက်ရှာလို့ လွယ်ပါ့မလားပေါ့။ သူ့ကို ကြည့်နေရင်း အဲဒီကောင်လေးက ခြံစည်းရိုး အုတ်နံရံအောက်ခြေက သပြေပင်ငုတ်တိုဆီကို ခုန်ဆင်းလိုက်တယ်။ အဲဒီ သပြေပင်ကလည်း နာဂစ်လေမုန်တိုင်းဒဏ်ကြောင့် ပြိုလဲပြတ်ကျပြီး သစ်ပင်ငုတ်တိုထဲက နောက်ထပ် အပင်နုလေးတွေ ထွက်နေတာ။

အဲဒီ အရွက်နုလေးတွေကြားထဲမှာ တခြားစာကလေး သုံးကောင်လောက်က အကောင်ပလောင်တွေ ရှာစားနေတော့ သူလည်း သူ့အားသူကိုးပြီး ရှာစားနေတော့တယ်။ သူ့အစာကို သူ့ဟာသူ ရှာစားနေရတဲ့ ပထမဆုံး အတွေ့အကြုံ ဖြစ်လို့လားမသိဘူး၊ သူ့ကိုကြည့်ရတာ အဆင်မပြေဘူး။ တခြားအကောင်တွေလို နှုတ်သီးနဲ့ အစာလှမ်းယူတဲ့ ပုံစံက စနစ်မကျဘူး။ သူ့ဘေးက အကောင်တွေက တစ်ခါခုန်လိုက်ရင် သူတို့ရှာနေတဲ့ အကောင်ပလောင် သူတို့ပါးစပ်ထဲ ရောက်တယ်။ ကျောင်းသားသစ် အငယ်ကောင်လေးကတော့ သူလိုချင်တဲ့အစာကို သူ့နှုတ်သီးနဲ့ မယူတတ်ဘူး ဖြစ်နေတယ်။ အဲဒါကို စိတ်ပျက်သွားမလားလို့ ဦးပဉ္ဇင်းက သူ့ကိုကြည့်ပြီး စိတ်ပူနေပေမယ့် အငယ်ကောင် စာကလေးက ရအောင် ကြိုးစားနေတာကို သတိထားမိတယ်။ ဒီအချိန်မှာ လူငယ်တစ်ယောက်နဲ့ အပျံသင်စ ငှက်တစ်ကောင်ရဲ့ လက်ရှိ လှုပ်ရှားနေတာကို နှိုင်းယှဉ်တဲ့စိတ် ဝင်လာတယ်။ အငယ်ကောင် စာကလေးရဲ့ အသိဉာဏ် ဘယ်လိုတွေ ရှိနေမလဲလို့ တွေးကြည့်တယ်။

ဒီအကောင်လေးဟာ တစ်စုံတစ်ရာကို အားကိုးနေခဲ့ရတဲ့ အခွင့်အရေးတွေ ဒီနေ့ကစပြီး လက်လွတ် ဆုံးရှုံးလိုက်ရပြီ။ သူ့ဘဝသူ တာဝန်ယူရတော့မယ်။ သူ့အစာကို သူ့ဟာသူ ရှာပြီး စားရတော့မယ်။ 'အားမငယ်နဲ့ ငှက်ကလေးရေ ဒါသဘာဝပဲ' လို့ ဦးပဥ္စင်း ပါးစပ်က အသံ ထွက်သွားတဲ့အထိ ငှက်ကလေးကို အားပေးလိုက်တယ်။

အဲဒီအချိန်မှာပဲ စွန်တစ်ကောင် အော်သံကြားလို့ အသံက တစ်ဆင့် ဦးပဥ္စင်းမျက်လုံးက ဝဲလာတဲ့ စွန်တစ်ကောင်ကို မြင်လိုက်တယ်။ အာရုံတွေ ဆက်သွားပြန်ပြီဆိုတာကိုလည်း သိလိုက်တယ်။ သိတဲ့စိတ်နဲ့ပဲ စိတ်ဖြစ်စဉ်နောက်ကို လိုက်သိကြည့်တယ်။ စွန်အော်သံကြားတော့ သူ့ဘေးနားက စာကလေးတွေ ပျံပြေးကြတယ်။ သူလည်း ပျံပြေးမလားလို့ ဦးပဥ္စင်း စိတ်ဝင်စားသွားတယ်။ ဒီအငယ်ကောင်က ပျံမပြေးဘဲ သစ်ရွက်တွေ ကြားထဲဝင်ပြီး သူ့ကိုယ်သူ ပုက်ထားလိုက်တယ်။ ဦးပဥ္စင်းစိတ်ထဲမှာ နောက်ထပ် စိတ်ဝင်စားမှုတစ်ခု ထပ်ဖြစ်သွားတယ်။ အန္တရာယ်ရောက်လာတာကို ဒီကောင်လေး ဘယ်လိုသိလိုက်လဲဆိုတာပဲ။ တခြားအကောင်တွေလို ပျံပြေးရင် မလွတ်မှန်းသိလို့ သစ်ရွက်တွေ အောက်မှာ သူ့ကိုယ်သူ ပုက်ထားလိုက်တဲ့ အန္တရာယ်ကာကွယ်နည်းကို ဒီကောင်လေး ဘယ်လိုတတ်သွားတာလဲ။ 'ကြည့်ဦး ခုပဲ သူ့ဘဝ စတယ်၊ ခုပဲ အန္တရာယ်နဲ့ ကြုံတယ်။ ချက်ချင်းပဲ အန္တရာယ်ကာကွယ်နည်းကို ထုတ်သုံးလိုက်တယ်။ ဒါသဘာဝလား။ တိရစ္ဆာန်လို့ သတ်မှတ်ထားတဲ့ မင်းတို့လို အပျံသင်စ အကောင်လေးတွေ အားလုံးဟာ ကိုယ့်ဘဝ ဒုက္ခမရောက်အောင် မင်းလိုပဲ ကာကွယ်တတ်ကြသလား။ ဒီ အန္တရာယ် ကာကွယ်နည်းကို ဘယ်သူ သင်ပေးလိုက်တာလဲ။'

အဲဒီမှာ မေးခွန်းတွေ အများကြီး ဦးပဥ္စင်း ခေါင်းထဲဝင်လာတယ်။ လူငယ်တွေအတွက်လည်း ရှာပေးချင်တဲ့ သင်ခန်းစာ မှတ်ချက်တွေ အများကြီး ထွက်လာတယ်။ ငှက်ကလေးရဲ့ အန္တရာယ်ကာကွယ်နည်းကို ကြည့်ပြီး ဦးပဥ္စင်း ဖတ်နေတဲ့ စာအုပ်ထဲက ယနေ့ခေတ် လူငယ်တွေ အတွက် သင်ခန်းစာကို ရုတ်တရက် အဖြေ တွေ့လိုက်သလို ဖြစ်သွားတယ်။

အငယ်ကောင် ငှက်ကလေးအတွက် ရုတ်တရက် ရောက်လာတဲ့ အန္တရာယ် ကာကွယ်နည်းပညာမျိုးတွေ လူငယ်တွေဆီမှာရော သဘာဝအရ မရှိနိုင်ဘူးလား။ ခေတ်တိုင်း၊ ခေတ်တိုင်းမှာ အရွယ်ရောက်လာတဲ့ လူငယ်တွေ၊ အပျံသင်စတွေ၊ အရွယ်မရောက်သေးပေမယ့် ဘဝမျိုးစုံထဲ တိုးဝင်နေကြရတဲ့ ဆယ်ကျော်သက်ကလေးတွေ အားလုံးဟာ၊ ကိုယ့်ဘဝ၊ ကိုယ့်အတွေ့အကြုံတွေကြောင့် ဒုက္ခအန္တရာယ် ကာကွယ်နည်းတွေကို သဘာဝအရ တတ်နေကြမှာ သေချာနိုင်ပါတယ်။ ဒါပေမယ့် ကာကွယ်တတ်တိုင်း ဒုက္ခက လွတ်မြောက်ကြပ့ါမလား။ ငှက်ကလေးက တစ်ဆင့် ရလိုက်တဲ့ သင်ခန်းစာဟာ လူငယ်အားလုံးအတွက် အသုံးတည့်ပ့ါမလားလို့လည်း မသေချာစိတ်ဝင်ပြီး စိတ်ပူသွား ပြန်တယ်။

'မပူပါနဲ့ ဦးပဥ္စင်းရာ။ ဘဝကသင်ပေးမှာပါ' လို့ အရေးမကြီးသလို ပြောပြန်ရင်လည်း အဲဒီလို ပေါ့ပေါ့တန်တန် အမိပ္ပာယ်မျိုး သက်ရောက်တဲ့ အန္တရာယ် ကာကွယ်နည်းပညာက ဒုက္ခကို ရင်ဆိုင်ဖို့ ပြည့်စုံပ့ါမလား။ ဒုက္ခနဲ့ ရင်းပြီးမှရမယ့် သင်ခန်းစာမျိုးဖြစ်သွားပြီး တစ်ဘဝစာ ဒုက္ခထဲမှာ လက်ပစ်ကူးနေရတော့ ဘယ်လိုလုပ်မလဲ။ အဲဒီအကြောင်း စဉ်းစားနေတုန်း (၁၇)နှစ်အရွယ်မှာ ကလေးနှစ်ယောက်နဲ့ အိမ်ထောင်သည်ဘဝ ရောက်သွားတဲ့ ဒကာမလေး တစ်ယောက်ဆီကို ဦးပဥ္စင်းစိတ် ရောက်သွားမှန်း သိလိုက်ပြန်တယ်။

ညောင်တုန်းကို ရောက်တုန်းက ဦးပဥ္စင်းကြီးကို လျှောက်ချင်တယ်ဆိုပြီး အဲဒီကလေးမလေး ဦးပဥ္စင်းဆီ ရောက်လာတယ်။ သူ ရှစ်တန်းတုန်းက စိတ်ကူးယဉ်ခဲ့တဲ့ အိပ်မက်နဲ့ အခုလက်ရှိ ရင်ဆိုင်နေရတဲ့ဘဝ၊ လုံးဝ တခြားစီ ဖြစ်သွားပြီဆိုတဲ့အကြောင်း၊ ကျောင်းတုန်းက တစ်တန်းတည်းနေခဲ့တဲ့ သူငယ်ချင်းတွေနဲ့ ပြန်တွေ့တဲ့အခါမှာ အခုလက်ရှိ သူ့ဘဝကတော့ ကလေးနှစ်ယောက် အမေပုံစံနဲ့ အနေအထားချင်း အလှမ်းကွာသွားပြီ ဖြစ်တဲ့အကြောင်း၊ မွေးထားတဲ့ ကလေးနှစ်ယောက်က မိုးလင်းတာနဲ့ ဟိုဟာစားမယ်၊ ဒီဟာစားမယ်လို့ ပူဆာတောင်းဆိုမှု

ကို မဖြေရှင်းနိုင်လို့ ယောကျ်ားဖြစ်တဲ့သူကို ပြောပြန်တော့ သူ့မှာဂယ်ကျေးစရာ ပိုက်ဆံမရှိဘူးလို့ ပြန်ပြောတဲ့အကြောင်း၊ ရုပ်ချောတာကို မက်ပြီး ယူမိတဲ့ယောကျ်ားက ယူပြီးတော့မှ အလကားလူ ဖြစ်မှန်းသိခဲ့ရတဲ့အကြောင်း၊ ရုပ်ချောတယ်ဆိုတာကြီးက ဘဝကို ရင်ဆိုင်ဖြေရှင်းတဲ့နေရာမှာ ဘယ်လိုမှ အသုံးမတည့်တော့မှန်း သိရတဲ့အကြောင်း၊ မယူခင်တုန်းက ချောသလိုလို ရုပ်ကလည်း ကလေးနှစ်ယောက်ရပြီး အလုပ်မလုပ်ဘဲ ထိုင်နေတာ ကြာလာတော့ ရုပ်ကရင့်ပြီး ကြည့်မကောင်းတော့ကြောင်း၊ အဲဒီယောကျ်ားက အသက်မွေးဂမ်းကျောင်း ပညာဆိုလည်း ဟုတ်တိပတ်တိ ဘာမှမတတ်တဲ့အကြောင်း၊ ခုချိန်မှာတော့ နောင်တတွေသာရပြီး သူ့ဘဝ တစ်သက်စာ ဆုံးပါပြီလို့ ပြောပြောပြီး ဦးပဉ္စင်း ရှေ့မှာ ငိုပြဖူးတယ်။

အဲဒီတုန်းက ကလေးနှစ်ယောက်အမေ၊ (၁၇)နှစ်အရွယ် ကလေးမလေးကို ပြောခဲ့တဲ့စကားတွေ ပြန်သတိရတယ်။ လူငယ်တွေအတွက် စိတ်ပူနေတဲ့စိတ်လည်း သက်သာသွားအောင် အာရုံပြောင်းကြည့်လိုက်တဲ့ သဘောလည်း ပါတယ်ပေါ့။ သူ့ကိုအားပေးတုန်းက ပြောခဲ့တဲ့စကားတွေက 'ဖြစ်ပြီးခဲ့သမျှအားလုံးကို မေ့ပစ်လိုက်၊ ဖြစ်ချင်တာတွေ မဖြစ်ခဲ့လို့၊ မဖြစ်သေးတဲ့ အနာဂတ်ကာလမှာ နောင်တတွေ ထပ်မရအောင် အခုလက်ရှိ ပစ္စုပ္ပန်ကာလမှာ စိတ်ကို တည့်တည့်ထား။ ဒုက္ခဖြစ်စေမယ့် စိတ်အတွေးတွေ ခေါင်းထဲမထည့်နဲ့၊ မတွေးနဲ့၊ ဒုက္ခဖြစ်ကြောင်းတွေချည်းပဲ တွေးတော ခံစားနေတဲ့ စိတ်တွေ လွှင့်ပစ်လိုက်။ ကိုယ့်စိတ်ကြိုက် ကောင်းတယ်ထင်လို့ ရွေးယူခဲ့တဲ့ ယောကျ်ားကို ပြော၊ ရှင်ဘာမှမလုပ်တတ်ရင် ထိုင်နေ၊ မွေးထားတဲ့ ကလေးနှစ်ယောက်ကို ထိန်းခိုင်း၊ ကျွန်မ အလုပ်လုပ်မယ်လို့ပြော၊ စက်ချုပ်တတ်တယ်ဆိုရင်လည်း ကျွန်မစက်ချုပ်မယ်ပေါ့။ အလုပ်လုပ်ပြီဆိုတာနဲ့ ကိုယ်လုပ်နေတဲ့အလုပ်ကို အကောင်းဆုံးဖြစ်အောင် လုပ်ပြ။ ကိုယ်အကောင်းဆုံးလုပ်နေတာကို ပိုင်ရှင်သူဌေး သတိထားမိအောင် လက်တွေ့လုပ်ပြ။ သူဌေးက သတိထားမိပြီဆိုရင် သူဌေးကို ပွင့်ပွင့်လင်းလင်း၊ ရဲရဲတင်းတင်း၊ ကိုယ့်ရည်ရွယ်ချက်ကိုပြောပြ။ ပြီးတော့ ကျွန်မကို ပံ့ပိုးပေးပါလို့ အကူအညီတောင်း။ အကူအညီပေးရင် ကျေးဇူးပြန်ဆပ်မယ်၊ စိတ်ချပါလို့ ကတိပေး။ အဲဒီလို ကိုယ်ပြောတဲ့အတိုင်း ဖြစ်အောင်လည်း လက်တွေ့အလုပ်လုပ်ပြပြီးတော့ မွေးထားတဲ့ ကလေးတွေကို ကိုယ့်လို ညံ့ဖျင်းတဲ့ အတွေးတွေ မရှိအောင် ပြုစုစောင့်ရှောက်။ အဲဒီလို ကိုယ့်ကိုယ်ကို ပြုပြင်နေတာတွေကို မင်းယောကျ်ားမြင်ရင် ရှက်တတ်တဲ့ စိတ်ဝင်လာပြီး အလုပ် လုပ်ချင်တဲ့စိတ်တွေ ပေါ်လာလိမ့်မယ်။

အလုပ်လုပ်တဲ့ နေရာမှာလည်း အားပြိုင်ဖြစ်မယ့် ပြိုင်ဘက်ကို ရှာလိုက်။ ပြီးတော့ တစ်ခုခုဖြစ်အောင် လုပ်ပြမယ်လို့ ကြေညာလိုက်။ ဘာဖြစ်လို့လဲဆိုတော့ မလုပ်ဖြစ်မှာစိုးလို့ ကိုယ့်စကားနဲ့ကိုယ် ချည်တာလို့ပြော။ ကိုယ်ပြောသလို မလုပ်ပြနိုင်ရင် အရှက်ကကွဲပြီ။ အရေးကြီးတာ ရှက်တတ်တဲ့စိတ် ရှိလာဖို့ပဲ။ ရှက်တတ်တဲ့လူမျိုးတွေဟာ ကိုယ်ပြောရင် ပြောတဲ့အတိုင်း ဖြစ်အောင် လုပ်ပြတတ်တယ်။ ပြီးတော့ ပြိုင်ဘက်တွေကို ဘယ်နှစ်နှစ်ကြာရင် ပြန်တွေ့မယ်လို့ပြော။ ကိုယ်ကြေညာထားတဲ့အတိုင်း မလုပ်ပြနိုင်တဲ့လူက အရှုံးလို့ စိန်ခေါ်လိုက်။ ဒါ ဦးပဉ္စင်းရဲ့ လူငယ်ဘဝတုန်းကနေ ရဟန်းမဝတ်ခင်အထိ ကိုယ့်လေ့ခါး ကိုယ်ထောင်ပြီး အပေါ်ကိုရောက်အောင် တက်ခဲ့တဲ့ ဦးပဉ္စင်းရဲ့ အယူအဆပဲ။ ပြီးတော့ မခံချင်တဲ့စိတ်ကို မွေး။ မခံချင်စိတ် ရှိတဲ့လူဟာ တစ်ချိန်လုံး တက်ကြွနေတယ်။ ထက်သန်တဲ့စိတ်တွေနဲ့ တစ်ခုခုလုပ်ဖို့ ကြံစည်နေတတ်တယ်။' မခံချင်တဲ့စိတ်က လူငယ်ဘဝမှာ ထားခွင့်ရှိတယ်ဆိုတဲ့အကြောင်း ကလေးနှစ်ယောက် အမေကို အားပေးခဲ့ဖူးတယ်။

အခု ငှက်ကလေးဆိုရင်လည်း သူ့အမေက သူ့ကိုထားခဲ့တာပဲ။ အားကိုးရာ မရှိတော့ပေမယ့် သူ့ဟာသူ အစာရှာစားတယ်။ အန္တရာယ်စွန် ဂဲလာတော့လည်း သစ်ရွက်တွေကြား ဝင်ပုန်းပြီး သူ့အန္တရာယ်သူ ကာကွယ်လိုက်တာပဲ။

လူငယ်တွေရဲ့ စိတ်ခံယူချက် ခိုင်မာမှု အပြင်းအပျော့။ ငှက်ကလေးတွေရဲ့ သက်တမ်း အတိုအရှည်။ ပြီးတော့ မြင်ခိုက်၊ တွေးခိုက်မှာ ဦးပဉ္စင်းရဲ့ စိတ်လေ့ကျင့်ခန်း အသိဉာဏ် ဖြတ်နိုင်၊ မဖြတ်နိုင်။

လူငယ်တွေအတွက် သင်ခန်းစာကိစ္စတွေ တွေးရင်း၊ ကိုယ့်အတွက်လည်း စိတ်နဲ့ပတ်သက်တဲ့ လေ့ကျင့်ခန်းတွေ လုပ်ကြည့်နေမိတယ်။ သေချာတာကတော့ အချိန်(၂)နာရီလောက်အတွင်း ဖြစ်ပျက်ခဲ့သမျှ အဖြစ်အပျက်တွေအားလုံးကို နောက်ဆုံးစာကြောင်း ရေးလိုက်တဲ့ အချိန်မှာ ဒီနေ့ရတဲ့ သင်ခန်းစာနဲ့အတူ အားလုံးဟာ ပျောက်ကွယ်ကုန်ဆုံးသွားပြီ။

ခံစားခဲ့သမျှ၊ စိတ်တွေအားလုံးကို စွန့်လွှတ်လိုက်ပြီးတဲ့ အချိန်မှာ နောက်ထပ် စိတ်တစ်ခု ဂင်လာတယ်။ အဲဒီစိတ်က စိတ်ပူနေတဲ့ အမျိုးအစား။

ကြီးနိုင်ငယ်ညှဉ်းတတ်တဲ့ တိရစ္ဆာန်လောကမှာ ဒီအငယ်ကောင် စာကလေးဟာ သူ့ဘဂလုံခြုံအောင် ဘယ်လို အသိဉာဏ်တွေနဲ့ ထိန်းသိမ်းကာကွယ်ပြီး သူ့သက်တမ်းကို ဘယ်လောက်ကြာအောင် ဆန့်ထားနိုင်မှာလဲ။

**ဦးကိတ္တိသာရ**